မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 19, 2019 Volume 16, Number 12

**၁၉.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၉၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/ကျပ် |
| CBM Rate | = ၁၅၃၀.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၅ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၈.၆ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၁.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၉.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၂၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၉၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၇၃ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၅.၀၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၄၂ကျပ် |

Source: CBM Rate. etrademvanmar.com

## မန္တလေးဆီစက်များ နိုင်ငံတကာအသိအမှတ်ပြု HACCP လက်မှတ်ရရှိ

မန္တလေးမြို့ရှိ ရွှေဝံဆီစက်၊ အာရှသားဆီစက်နှင့် ရွှေအရသာဆီစက် တို့သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတကာအသိအမှတ်ပြု (Hazard Analysis Critical Control Point - HACCP) လက်မှတ်ရရှိခဲ့ကြောင်း သိရသည်။

HACCP လက်မှတ်ရယူရန်အတွက် ယင်းဆီစက်များသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(International Trade Center - ITC) ပညာရှင်ပံ့ပိုးမှု၊(Standard and Trade Development Facility - STDF ) ၏ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သည့် ဆီထွက်သီးနှံ စီမံကိန်းတွင်ပူးပေါင်းပါဝင်ခဲ့သည်။

စီမံကိန်းကာလသည် ၂၀၁၆ နိုဝင်ဘာလ မှ ၂၀၁၉ ဖေဖော်ဝါရီလ အထိ ဖြစ်သည်။ စီမံကိန်းကာလတစလျှောက်အတွင်း ယင်းဆီစက်များသည် နိုင်ငံတကာ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး အကြံပေးပညာရှင် ပို့ချသည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ကာ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစဉ်များကို သင်ယူပြီး မိမိစက်ရုံတွင် လက်တွေ့အသုံးချ လိုက်နာခဲ့၍ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ပေးအဖွဲ့( International Certificate Body) မှ ပညာရှင်၏ စစ်ဆေးမှုခံယူပြီး HACCP လက်မှတ်ကိုရရှိခဲ့ ခြင်းဖြစ်သည်။

စက်ရုံများအနေဖြင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များကို ဆက်လက်ကျင့်သုံးရမည်ဖြစ်ပြီး HACCP လက်မှတ်အား ၁ နှစ် သက်တမ်းပြည့်ပါက (International Certificate Body) ၏ စစ်ဆေးခံပြီးမှသာ သက်တမ်းတိုးရမည်ဖြစ်ပါသည်။ ရွှေဝံဆီစက်၊ အာရှသားဆီစက်နှင့် ရွှေအရသာဆီစက်တို့သည် မန္တလေးမြို့တွင် ပထမဆုံး HACCP လက်မှတ်ရရှိသည့်ဆီစက်များဖြစ်ကြောင်းသိရှိရသည်။

**Source: မန္တလေး-Trade Center**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြေပဲ "မျိုးစေ့" ထုတ်လုပ်နိုင်ရန် Private Sector မှ ဆောင်ရွက်နေ

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာတွင် မြေပဲမျိုးစေ့ စမ်းသပ်စိုက်ခင်းများအား ပုဂ္ဂလိကအသင်းအဖွဲ့တစ်ခုဖြစ်သည့် မန္တလေးခရိုင် ဆီစက်ပိုင်ရှင်များအသင်းမှ စိုက်ပျိုးလျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဆောင်းသီးနှံ မြေပဲ(၁၉)ဧကကို ထိုင်ဝမ်နိုင်ငံတွင်စိုက်ပျိုးရေးပညာသင်ယူခဲ့သည့် ပညာရှင်အကူအညီဖြင့် စိုက်ပျိုးဘောင်ဖော်ကာ အစေ့ချစက်ဖြင့်စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း (၉၂) တင်းရရှိခဲ့ကြောင်း၊ ယခု ၂၀၁၉ ခုနှစ်တွင် (၁၄) ဧက စိုက်ပျိုးထားပြီး လာမည့် ရက်သတ္တပတ် (၂) ပတ်အကြာတွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ ယခင်နှစ်ကဲ့သို့ပင် အထွက်နှုန်းကောင်းမည်ဟု ခန့်မှန်းထားကြောင်းသိရှိရသည်။

မျိုးစေ့ထုတ်လုပ်ရန်ရည်ရွယ်၍ စိုက်ပျိုးခဲ့သော်လည်း စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့သုတေသနခြံများ စိုက်ပျိုးရန်ရည်ရွယ်၍ ထုတ်လုပ်ထားသည့် မျိုးစေ့ (Seeds) ကို မျိုးစေ့ခြံများမှ လုံလောက်စွာထုတ်လုပ်မပေးနိုင်၍ ကုန်စည်ဒိုင်ဈေးကွက်တွင်ရှိသည့် စားသုံးရန်ထုတ်လုပ်ထားသည့် (Grain) မြေပဲကိုသာ ရွေးချယ်စိုက်ပျိုးခဲ့ရခြင်းကြောင့် မျိုးအဖြစ် ပြန်လည်အသုံးချမှုပြုနိုင်ကြောင်း၊ လာမည့်စိုက်ပျိုးရာသီ၌ စိုက်ပျိုးရေးဦးစီးဌာန ရေဆင်း စိုက်ပျိုးရေးသုတေသန မျိုးစေ့ခြံမှ မြေပဲမျိုးစေ့လုံလောက်စွာထုတ်လုပ်ပေးမည်ဟု ညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ ရှမ်းကလေးကျွန်းကျေးရွာစိုက်ခင်းမှ မကြာခင်ကာလတွင် ထွက်ရှိမည့်မြေပဲအား မန္တလေးခရိုင်ဆီစက်လုပ်ငန်းရှင်များအသင်းဆီစက်များမှ ဆီကြိတ်ခွဲရန်အတွက် အသုံးပြုမည်ဖြစ်ကြောင်းသိရှိရသည်။

**Source: မန္တလေး-Trade Center**

## ကမ္ဘာ့ရွှေဈေး ၁၃၂၅ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၀၈၁၆၀၀ ဝန်းကျင်အထိ စံချိန်တင်ဆက်လက်မြင့်တက်

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ၁၃၂၅ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်းသည် ကျပ် ၁၀၈၁၆၀၀ ဝန်းကျင်အထိစံချိန်တင်ဆက်တက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းရွှေဈေးသည်ပြီးခဲ့သည့် ၂၀၁၇ ဇူလိုင် ၂၁ ရက်မှ စတင်ကာ ကျပ် ၉၀၀၀၀၀ အထက်ရောက်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်တင်ဈေးနှုန်းများအဖြစ် သြဂုတ်လအတွင်းနှင့် စက်တင်ဘာလလယ်အထိ ဆက်တိုက်မြင့်တက်ခဲ့သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ၉၅၇၈၀၀ ဖြင့် တင်ထားသောစံချိန်ကို ၂၀၁၈ ခုနှစ် သြဂုတ် ၂၃ ရက်မှစတင် ကျော်လွန်ခဲ့ပြီး သြဂုတ် ၂၈ ရက်တွင် ကျပ် ၉၈၅၀၀၀ အထိ အမြင့်ဆုံးဖြစ်ပေါ်သည်။

ထို့နောက် သြဂုတ် ၃၀ ရက်တွင် ကျပ် ၉၆၉၀၀၀ အထိပြန်လည်ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၁ မှစတင်ကာ ရွှေဈေးနှုန်းစံချိန်သစ်များ ထပ်တင်ခဲ့ကာ စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံးစံချိန်အဖြစ် ကျပ် ၁၀၄၇၇၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာလဆန်းနောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၉၈၇၀၀၀ အထိကျဆင်းခဲ့သည်။ ဒီဇင်ဘာလအတွင်း ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်း လိုက်ပါမြင့်တက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ကျပ် ၁၀၂၈၀၀၀၊ ဒီဇင်ဘာ ၁၂ ရက်တွင် ကျပ် ၁၀၄၂၀၀၀၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ၁၀၄၅၈၀၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။

ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀၊ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ကျပ် ၁၀၆၃၅၀၀၊ ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ် ၁၀၇၁၀၀၀၊ ဖေဖော်ဝါရီ ၉ ရက်တွင် ကျပ် ၁၀၇၆၀၀၀၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျပ် ၁၀၇၇၅၀၀၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျပ် ၁၀၈၁၆၀၀ အထိ စံချိန်တင်ဈေးနှုန်းများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်သုံးလက ရွှေဈေးကို ပြန်ကြည့်ပါ က နိုဝင်ဘာလအတွင်း ပြည်တွင်းရွှေဈေးနှုန်းအနိမ့်ဆုံးနှုန်း ကျပ် ၁၀၂၇၁၀၀ (နိုဝင်ဘာ ၃၀ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၄၅၀၀ (နိုဝင်ဘာ ၂ ရက်)၊ ဒီဇင်ဘာလအတွင်း ပြည်တွင်းရွှေဈေးအနိမ့်ဆုံးဈေးနှုန်း ကျပ် ၉၈၇၀၀၀ (ဒီဇင်ဘာ ၄ ရက်)၊ အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀၄၃၀၀၀ (ဒီဇင်ဘာ ၂၉ ရက်)၊ ဇန်နဝါရီလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးနှုန်း ကျပ် ၁၀၄၃၅၀၀ (ဇန်နဝါရီ ၁ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၆၃၀၀၀ (ဇန်နဝါရီ ၃၁ ရက်) တို့ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါ က ၂၀၁၇ ခုနှစ်ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိကွာခြားခဲ့သည်။ လ အလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၈ ခုနှစ် သြဂုတ်တွင် ၁၁၇၄- ၁၂၁၂ ၊ စက်တင်ဘာတွင် ၁၁၈၂ - ၁၂၀၆၊ အောက်တိုဘာတွင် ၁၁၈၅-၁၂၃၅ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၁၉၈- ၁၂၃၅ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၂၁၂-

၁၂၈၁၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၂၇၈-၁၃၂၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၃၀ ဝန်းကျင်မှ ၆၀ ဝန်းကျင်အထိ ရှိခဲ့သည်။

**Source:** https://news-eleven.com/article/83486

## J&Mသံမဏိစက်ရုံမှ သံမဏိသံပေါင်များ ပြည်တွင်း၌သုံးစွဲနိုင်ရုံမက ပြည်ပသို့ပင် တင်ပို့ နိုင်

မကြာမီဖွင့်လှစ်မည့် မြောင်းမြတံတားအပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တည်ဆောက်ဆဲတံတားများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စော်ကဲ၊ ကျွန်းပြသသဒ်၊ ပင်လယ်လေးနှင့် ပုသိမ်တံတား၊ မွန်ပြည်နယ်ရှိ အတ္တရံတံတား၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတားနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင်တံတား အမှတ်(၃)တို့တွင် J & M သံမဏိစက်ရုံ ထုတ် သံမဏိသံပေါင်များကို အသုံးပြုတည်ဆောက်လျက်ရှိကြောင်း တံတားဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုကပြောသည်။

မြန်မာနိုင်ငံ၏ သံမဏိသံပေါင်လိုအပ်ချက်အရ J&M SteelSolutions Co. Ltd.မှ သံမဏိစက်ရုံကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporationတို့က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံ၍ သာကေတမြို့နယ်ရှုခင်းသာမြို့ပတ်လမ်းရှိ မြေ ၁၆ ဧကပေါ်၌ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင်စတင်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။

စက်ရုံစတင်ချိန်က တစ်နှစ်လျှင် တန်ချိန် တစ်သောင်း ထုတ်လုပ်နိုင်ခဲ့ပြီး ယနေ့အချိန်ထိ သံမဏိသံပေါင်စုစုပေါင်း တန်ချိန် ရှစ်သောင်းထုတ်လုပ်နိုင်ခဲ့ကာ တစ်နှစ်တန်ချိန် သုံးသောင်းထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တံတားများအပြင် ရန်ကုန်မြို့ ကုက္ကိုင်းခုံးကျော်တံတားနှင့် ဆိပ်ခံတံတားများကိုလည်း J&M Steel Solutions Co.Ltd စက်ရုံကထုတ်သည့် သံမဏိသံပေါင်များနှင့် တည်ဆောက်ခဲ့ကြောင်းသိရသည်။ ပြည်ပပို့ကုန်များ အနေဖြင့် လာအိုနိုင်ငံသို့ ၂၀၁၄ ခုနှစ်က တန်ချိန် ၂၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ တွင် တန်ချိန် တစ်သောင်းနှင့် သီရိလင်္ကာနိုင်ငံသို့ ၂၀၁၆ ခုနှစ်တွင် တန်ချိန် ၃၀၀ တင်ပို့နိုင်ခဲ့ပြီး၊ လက်ရှိ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တန်ချိန်ရှစ်ထောင် ထပ်မံပေးပို့လျက်ရှိရာ အိန္ဒိယနိုင်ငံသို့လည်း သံမဏိသံပေါင်များ ဆက်လက်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါသံမဏိစက်ရုံတွင် မြန်မာနိုင်ငံမှ အင်ဂျင်နီယာများအပါအဝင် ဝန်ထမ်းအင်အား ၆၀၀ နီးပါး တာဝန် ထမ်းဆောင် လျက်ရှိပြီး မြန်မာနိုင်ငံသားဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရရှိရေးအတွက် ဂျပန်ပညာရှင် များက ပြည်တွင်း၌သင်တန်းများ ပို့ချပေးလျက်ရှိသကဲ့သို့ ဂျပန်နိုင်ငံသို့လည်း နှစ်စဉ်စေလွှတ်ကာ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.fac ebook.com/MOIWebportalMyanmar/posts/1940321186095738?__tn__=K-R

## မြန်မာနှင့်ဗီယက်နမ်ကြားရှိ ကုန်သွယ်မှုပမာဏ တိုးတက်မှုနှေးကွေးနေ

မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံကြားတွင် လက်ရှိဘဏ္ဍာနှစ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ကုန်သွယ်မှုပမာဏတိုးတက်မှု အခြေအနေမှာ ဖြစ်သင့်သည့်အခြေအနေသို့ ရောက်ရှိမှုနှေးကွေးနေကြောင်း ဗီယက်နမ်သတင်းဌာနများကဖော်ပြသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အစပြုခဲ့သောဘဏ္ဍာနှစ် သစ်အတွင်း ဖြစ်ပေါ်ခဲ့သည့်မြန်မာ နိုင်ငံနှင့် ဗီယက်နမ် နိုင်ငံကြားရှိ ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁၉၆ သန်းရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအတွင်း၌ဖော်ပြသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ သန်းရှိခဲ့ကာ မြန်မာနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ တင်သွင်း ခဲ့သည့်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၇ သန်းရှိခဲ့သည်။ မြန်မာနိုင်ငံမှဗီယက်နမ်နိုင်ငံသို့ အများဆုံး တင်ပို့သည့်ပို့ကုန်များမှာ စိုက်ပျိုးရေးထုတ်ကုန်များ၊ သစ်တောထွက်ပစ္စည်းများနှင့်ရေထွက်ကုန်များဖြစ်သည်။ စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏မှတ်တမ်းများအရ ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံ ကြားတွင်ဖြစ်ပေါ်ခဲ့သော အပြန်အလှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၁၄ ဒသမ ၈ သန်းရှိကြောင်းသိရ သည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=121696&path=LocalNews.aspx

## တရုတ်နိုင်ငံမှ သကြားစတင်ဝယ်ယူလာခြင်းကြောင့် ဈေးအနည်းငယ်မြင့်တက်လာ

ယခုလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံရှိ Re-Export သကြားများအား အနည်းငယ်စတင်ဝယ်ယူလာပြီဖြစ်သည့်အတွက် ပြည်တွင်းသကြားဈေးနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှသတင်းရရှိသည်။

တရုတ်နိုင်ငံမှလုပ်ငန်းရှင်များအနေဖြင့် ယခုဖေဖော်ဝါရီလအစမှစတင်ကာ မြန်မာနိုင်ငံမှသကြားများကို အနည်းငယ်စတင်ဝယ်ယူလာသော်လည်း၊ ပုံမှန်ဝယ်ယူခြင်းရှိ၊ မရှိကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌဦးဝင်းဌေးကပြောသည်။ အရင်ကသကြားဈေး ငြိမ်နေတာကနေ



အခုလိုပြန်ဝယ်ပြီဆိုတော့ ဈေးကွက်နည်းနည်းလေးလှုပ်သွားပြီး ကောင်းတယ်လို့ပဲသုံးသပ်ရမှာဖြစ်ကြောင်း ၎င်းကပြော သည်။

လက်ရှိတွင် ပြည်တွင်းဈေးကွက်အတွင်း ယခင်က သကြားတစ်ပိဿာလျှင် ၁,၀၀၀ ဝန်းကျင်ဈေးမှ ယခုတွင် ၁,၁၀၀ ကျပ်ဝန်းကျင်ဈေးသို့ အနည်းငယ်ပြန်လည်မြင့်တက်လာသည်ကိုတွေ့ရသည်။ တရုတ်နိုင်ငံမှ ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံဘက်မှ သကြားဝယ်ယူမှုကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်စက်တင်ဘာလမှစတင်၍ ရပ်ဆိုင်းထားခြင်းမှာ ၅ လကျော်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သကြားအပါအဝင် လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ တရားမဝင်မှောင်ခိုကုန်သွယ် မှုအဖြစ် သတ်မှတ်ထားသည့်အတွက် တရုတ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး တာဝန်ရှိသူများမှ အဖမ်းအဆီးများပြုလုပ်ပါက ပြည်တွင်းသကြားဈေးကွက်ကို နစ်စဥ်ထိခိုက်လေ့ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြန်မာ့သကြားဈေးကွက်အား အထိခိုက်ဆုံး ဖြစ်ခဲ့သည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=5851

## ချဉ်ပေါင်ဖာလာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Action Plan တစ်ခု ရေးဆွဲဆောင်ရွက်မည်



ချဉ်ပေါင်ဖာလာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် master Plan တစ်ခု ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

အဆိုပါအသင်းမှ စိုက်ပျိုးရေးနှင့်စပ်လျဉ်းသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာလာစေရန်၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ချိတ်ဆက်မှုများ အားကောင်းလာစေရန်၊ ချဉ်ပေါင်ဖာလာကို တရုတ်နိုင်ငံမှ တရားဝင်ဝယ်ယူလာသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီကဏ္ဍတိုးတက်ဖို့ အထူးသဖြင့်တော့ ကရင်ပြည်နယ်သံတောင်ကြီးဒေသ ချဉ်ပေါင်ဖာလာဖွံ့ဖြိုးဖို့ Action Plan တစ်ခု ရေးဆွဲနိုင်ကြောင်း မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်းဥက္ကဋ္ဌ ဦးစောဗစ်တာခလိုက်ကပြောသည်။ ချဉ်ပေါင်ဖာလာစိုက်ပျိုးမှု၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ထိန်းသိမ်းသိုလှောင်တတ်သည့် နည်းပညာများကိုပေးမျှခြင်း၊ မြန်မာ့ချဉ်ပေါင်ဖာလာကို တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားသို့ နစ်စဉ်တင်ပို့နေသော်လည်း အရည်အသွေးပိုင်းအားနည်းလာမှုကြောင့် အခြားသောနိုင်ငံများဖြင့် ဈေးကွက်ယှဉ်ပြိုင်ရန်ခက်ခဲလာမှုကို သက်ဆိုင်ရာအစိုးရဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ချဉ်ပေါင်ဖာလာကို မြန်မာနိုင်ငံ အရှေ့တောင်ခြမ်းမှ ကယန်းဒေသနှင့် ကရင်ပြည်နယ်သံတောင်ကြီးဒေသတို့တွင် စိုက်ပျိုးမှုများပြီး ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် တောင်တန်းဒေသများတွင် စိုက်ပျိုးကြသည်။ လက်ရှိဈေးကွက်အတွင်း ချဉ်ပေါင်ဖာလာ တစ်ပိဿာလျှင် ပျမ်းမျှ ၁၅,၀၀၀ ကျပ်နှင့်အထက် ရရှိနေကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ချဉ်ပေါင်ဖာလာတန်ချိန် ၃,၄၀၀ ကျော် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ သန်းကျော်၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂,၆၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉ သန်းကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂,၆၀၀ ကျော် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ သန်းကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂,၂၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ သန်းကျော် အသီးသီးရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5850

## အထွက်နှုန်းမြင့် ပဲလွန်းမျိုးသစ် ရှာဖွေတွေ့ရှိထား



အထွက်နှုန်းနှင့် (Biomass) သစ်ရွက်၊ သစ်ခက်နှင့် ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်းသော ပဲလွန်းမျိုးများကို သုတေသနပြု ရှာဖွေဖော်ထုတ်ထားကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သတင်းရရှိသည်။ အခုတွေ့ရှိထားတဲ့မျိုးတွေဟာ သီးတောင့်အရေအတွက်များသလို ပင်ပိုင်းဆိုင်ရာကြီးထွားမှုမှာလည်း သာလွန်ကောင်းမွန်နေတာတွေ့ရကြောင်း ယင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းကပြောသည်။
ပဲလွန်းသီးနှံသည် လူနှင့်တိရိစ္ဆာန်အစာအတွက် အရေးပါရုံမျှမက လေထဲမှနိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူနိုင်စွမ်းရှိသောကြောင့် ပင်ပိုင်းဆိုင်ရာအစိတ်အပိုင်းအားလုံးကို သစ်စိမ်းမြေဩဇာ (Green Manure) အဖြစ်လည်း ပြန်လည်အသုံးချနိုင်သောကြောင့် စိုက်ပျိုးသင့်သောသီးနှံဖြစ်သည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဌာနစုတာဝန်ခံ၊ သုတေသနလက်ထောက်နှင့် သုတေသန ပညာရှင်အဖွဲ့သည် အထွက်နှုန်းနှင့် (Biomass) ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်းသော ပဲလွန်းမျိုးများရှာဖွေခြင်း သုတေသနကို ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇- ၂၀၁၈ ခုနှစ်၊ မိုးနှောင်းရာသီများတွင် မျိုးစေ့ဘဏ် (Myanmar Seed Bank) ၌ စုဆောင်းထားရှိသော ပဲလွန်းမျိုး (၁၈) မျိုးကို အသုံးပြု၍ သုတေသနပြုစမ်းသပ်စိုက်ပျိုးခဲ့ကြောင်းသိရသည်။
ထိုသို့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းပြီး၊ ပင်ပိုင်းဆိုင်ရာ အလေးချိန်ကောင်းသော 4203 (Yezin- 12) မျိုး၊ 4242 (IT-82D-600-5) မျိုး၊ 4246 (IT-82D-752)မျိုး၊ 4251 (IT-82D-699) မျိုး၊ 4268 (cowpea) မျိုး၊ 7689 ( pelunpyar)မျိုး နှင့် 7692 ( Gangaw BoCake) မျိုး စသည့် ပဲလွန်းမျိုး (၇) မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်းသိရသည်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်၊ မိုးနှောင်းရာသီတွင် အဆိုပါ မျိုး (၇) မျိုးနှင့် စံထားမျိုး ဘိုကိတ်ကို အသုံးပြု၍ အ ကွက်ကျယ် သုတေသနအဖြစ် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ၊ စမ်းသပ်ကွက်၏ မျက်မြင်လေ့လာတွေ့ရှိချက်အရ 4246 (IT- 82D -752)နှင့် 4268 ( cowpea) မျိုး (၂)မျိုး ဖြစ်ကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5849

## ချင်းပြည်နယ်အတွင်း ဝဥအခြောက်ခံစက်ရုံတည်ဆောက်ရန် ပြည်ပကုမ္ပဏီများမှ စိတ်ဝင်စားနေ



ချင်းပြည်နယ်အတွင်း ဝဥအခြောက်ခံစက်ရုံတည်ဆောက်ရန် ပြည်ပကုမ္ပဏီများမှစိတ်ဝင်စားနေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရှိရသည်။
အဆိုပါ စက်ရုံတည်ဆောက်ရေးအတွက် UK ၊ တရုတ်၊ ထိုင်းနှင့်ဂျပန် စသည့်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားမှုများရှိနေသည့်အတွက် ထပ်မံ၍ အသေးစိတ်ဆွေးနွေးမှုများပြုလုပ်ရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးကျော်သူကပြောသည်။
UK က နှစ်ဖွဲ့၊ သုံးဖွဲ့လောက်ပြောထားကြောင်း၊ စက်ရုံအတွက် မြေနေရာစပြီးတော့ရှာနေပြီ။ ချင်းပြည်နယ် အစိုးရအဖွဲ့နဲ့လည်း လျှပ်စစ်မီးရဖို့ ကူညီပေးမယ်လို့ပြောထားကြောင်း၊ လာမယ့်ရာသီမှာ စတင်နိုင်အောင်တော့ ကြိုးစားနေကြောင်း၊ စက်ရုံကိုတော့ အောက်တိုဘာလောက် အပြီးတည်ထားရမှာဖြစ်ကြောင်း၊ နိုဝင်ဘာလောက်ဆိုရင် စပြီးတော့ စက်ရုံကလည်ပတ်ရမှာဖြစ်ကြောင်း ဦးကျော်သူကပြောသည်။ လာမည့်မတ်လအတွင်း၌ ရန်ကုန်မြို့တွင် ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကို ကျင်းပသွားမည်ဖြစ်ရာ ဝဥအခြောက်ခံစက်ရုံ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်းနှင့်ပတ်သက်၍ ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။
လက်ရှိ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့မှ ဝဥပိသာချိန်ပေါင်း ၁၀ သိန်းအထက်

ထွက်ရှိပြီး ချင်းပြည်နယ်မြောက်ပိုင်းတွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲဥကို ဂျပန်နှင့်တရုတ်နိုင်ငံတို့မှ ဈေးကောင်းပေး၍ ဝယ်ယူလိုသော်လည်း အရည်အသွေးပိုင်း အားနည်းနေခြင်းကြောင့် လိုအပ်သလောက် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း ပဲဥကုန်သည်များကဆိုသည်။ ဂျပန်နိုင်ငံက အခြောက်ခံထားတဲ့ ပဲဥကိုပိုကြိုက်တယ်။ အရည်အသွေးပိုင်းမှာလည်း သေချာစစ်ဆေးတယ်။ ဒါပေမယ့် တရုတ်ထက် ဈေးပိုပေးတယ်။ အရည်အသွေးစစ်တဲ့အခါကြတော့ စိုက်တောင်သူတွေက မိရိုးဖလာအတိုင်းပဲ သိုလှောင် သိမ်းဆည်းတာ ဆိုတော့ အရည်အသွေးပိုင်းမှာနည်းနည်းတော့ စကားပြောကြောင်း ဝဥကုန်သည် ကိုဇင်လင်းကပြောသည်။
ယခင်က မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာနိုင်ငံတို့မှ ထွက်ရှိသည့် ပဲဥများကို ဂျပန်နိုင်ငံသို့ တင်ပို့မှု များအတွက် ဂျပန်နိုင်ငံ အစိုးရမှ အခွန်ကင်းလွတ်ခွင့်ပေးခဲ့ဖူးပြီး လက်ရှိအဆိုပါ ၄ နိုင်ငံထဲတွင် မြန်မာနိုင်ငံမှ ပဲဥအထွက်နှုန်း ပိုတိုးလာခြင်းကြောင့် ဈေးကွက်အရ တိုးချဲ့ရန်အလားလာရှိနေကြောင်း ကုန်သည်များကဆိုသည်။ ပြည်ပနိုင်ငံများ အနေဖြင့် ဝဥကိုအမှုန့်ပြုလုပ်၍ ကော်ပြန့်၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ အရက်၊ ပိုင်ချက်လုပ်ခြင်း၊ အ သားတု၊ သရေစာမုန့်များ စသည့်တို့ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုကြပြီး ကိုလက်စထရော၊ အဆီကျဆေးများ ဖော်စပ်ရာတွင်လည်း ဆေးဝါးအဖြစ် အသုံးပြုကြကြောင်းသိရှိရသည်။
ဝဥသည် မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးထုတ်လုပ်ရရှိသော သီးနှံအမျိုးအစားဖြစ်ပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျက် ရှိကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံတွင် ဝဥအခြောက်ခံစက်ရုံ ၇ ရုံရှိရာ မန္တလေးတိုင်းဒေသကြီးတွင် စက်ရုံ ၃ ရုံ၊ မွန်ပြည်နယ် တွင် ၃ ရုံရှိပြီး၊ ကရင်ပြည်နယ်တွင် ၁ ရုံရှိကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5848

## ဘုရင့်နောင်သို့ ကြက်သွန်နီနှင့်အာလူး အဝင်များလာသဖြင့် အာလူးဈေး အနည်းငယ်စတင်ကျဆင်း



ဖေဖော်ဝါရီ ၁၈ ရက်တွင် ဘုရင့်နောင်ကုန်စည်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် သုံးသိန်းခန့်နှင့် အာလူးပိဿာချိန် နှစ်သိန်း ဝန်းကျင် ဝင်ရောက်လာသဖြင့် ယခင်ရက်များက ဝယ်ရခက်နေသော အာလူးဈေးကွက်တွင် အာလူးဈေးများကျဆင်းလာပြီး ဝယ်ရလွယ် လာကြောင်း ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့် အဝယ်တော်များထံမှ သိရသည်။

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ပြီးခဲ့သောရက်များက ကြက်သွန်နီများကို ဈေးနှုန်းအနိမ့်ဖြင့် ဝယ်ယူရလွယ်သော် လည်း အာလူးများမှာ အပုပ်များခြင်းနှင့် ဝယ်လိုအားများသော အရွယ် ထက်ကြီးသည့် အရွယ်အစားများသာ အများအပြား ရောက်ရှိ နေခြင်းကြောင့် အာလူးဝယ်ယူရန်ခက်ခဲခဲ့သည်ဟု အဝယ်တော်အချို့ထံမှသိရသည်။ယခုရက်များအတွင်း ရန်ကုန် ဘုရင့်နောင်ဈေးကွက်သို့ နယ်စုံမှ ကြက်သွန်နီပိဿာချိန် နှစ်သိန်းအထက် နေ့စဉ်နီးပါးဝင်ရောက်နေသော်လည်း ဈေးကွက်ဝယ်လိုအားမှာ ပုံမှန်သာရှိနေ၍ ကြက်သွန်နီများဈေးကျနေကြောင်း၊ ကြက်သွန်နီအသစ်များမှာ အစိုဓာတ် ရှိနေသေး၍ နယ်မှဝင်လာချိန်တွင် တစ်အိတ်လျှင် ၂၅ ပိဿာရှိသော်လည်း နေ့ချင်းရောင်းမကုန်သဖြင့် ပွဲရုံတွင် ကျန်နေပါက တစ်အိတ်လျှင် ၂၅ ကျပ်သားမှ ၅ဝ ကျပ်သားဝန်းကျင်အထိ အလေးချိန်လျော့တတ်ကြောင်း၊ ထို့ကြောင့် ဝယ်သူများအနေဖြင့်လည်း ပွဲရုံကျန်ကြက်သွန်နီများကို ဝယ်သည့်အခါ အလေးချိန်ပြန်ချိန်ပြီးမှ ဝယ်ယူရကြောင်း နယ်ပို့အဝယ်တော်တစ်ဦးကဆိုသည်။ ယခုရက်ပိုင်းတွင် ကြက်သွန်နီများ အဝင်များနေသောကြောင့် ပွဲရုံအများစု၏ အတွင်းသာမက အပြင်မျက်နှာစာများတွင်ပါ ကြက်သွန်နီအိတ်များပြည့်နေသည်ကို မြင်တွေ့ရသည်။ ဝယ်သူများကို စောင့်ခေါ်ရောင်းနေသည့် ပွဲရုံအချို့ကိုလည်းတွေ့ရသည်။ ဖေဖော်ဝါရီ ၁၈ ရက် ဈေးနှုန်းများအရ ဆိပ်ဖြူကြက်သွန်နီသည် လက်ကား တစ်ပိဿာလျှင် ၃ဝဝ-၃၅ဝ ကျပ်နှုန်း၊ မြစ်သားကြက်သွန်နီမှာ ၇ဝဝ-၇၅ဝ-၉ဝဝ ကျပ်နှုန်းရှိကာ ဆင်ဖြူကျွန်းအာလူးသည် လက်ကားတစ်ပိဿာလျှင် ၅ဝဝ-၆၅ဝ ကျပ်နှုန်း ရှိနေသည်။ အာလူးဈေးကွက်တွင်မူ ဘုရင့်နောင်သို့ ဆင်ဖြူကျွန်းအာလူးနှင့် တရုတ်အာလူးများ ယခုရက်ပိုင်းတွင် ဝင်ရောက်မှုများခဲ့သော်လည်း အပုပ်များပါခြင်းနှင့် အလုံးကြီးများသာများပြားနေခြင်းတို့ကြောင့် ဈေးကွက်တွင် ဝယ်လိုအားများသော အရွယ်အစား

ဖြစ်သည့် ဥ၂ အရွယ်ကို ဝယ်ယူရန်ခက်ခဲခဲ့ပြီး ဝယ်သူများအနေဖြင့် အရွယ်အစားတစ်မျိုးတည်းရွေးဝယ်၍မရနိုင်ကြောင်း ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။ သို့သော် ဖေဖော်ဝါရီ ၁၈ ရက်က အာလူးအဝင်တစ်ဆကျော် ပိုများလာပြီး စျေးလည်းကျလာ၍ ဥ၂ အရွယ်အစား အာလူးမှာ တစ်ပိဿာလျှင် ကျပ် ၆၅၀ နှုန်းသို့ စျေးကျလာပြီး ဝယ်ရသည်မှာလည်းလွယ်လာကြောင်း သိရသည်။ ယခင်နှစ်နှင့် ကာလတူစျေးနှုန်းနှိုင်းယှဉ်ချက်များအရ ယခုနှစ် ကြက်သွန်နီစျေးနှုန်းများသည် ယခင်နှစ်စျေးထက်များစွာ ကျဆင်းလျက်ရှိသော်လည်း အာလူးမှာမူ ယခင်နှစ် ကာလတူ ထက် စျေးမြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## STOCK EXCHANGE (19.2.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 130 | 1,157,000 | 27,112,747 | 241,303 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 1,728 | 5,012,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 7 | 49,700 | 10,400,986 | 73,847 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 9 | 196,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 23 | 62,100 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.52 | -1.87 | -0.49% | 378.95 | 378.95 | 377.52 | 1,897 | 6,477,900 | 5 | 515,405 |


**Index chart**




## Market Overview

As of 1:00 pm, 19th Feb. 2019

| MYANPIX | 377.52 ▼ 1.87 |
|---|---|
| Total Volume (shares) | 1,897 |
| Total Value (MMK) | 6 mil |
| Listed Company | 5 |
| Market Cap. (MMK) | 515,405 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲0 |
| MTSH | 00002 | 2,900 | ▼50 |
| MCB | 00003 | 7,100 | ▲0 |
| FPB | 00004 | 22,000 | ▲0 |
| TMH | 00005 | 2,700 | ▼50 |

TIR

TIR